ကွင်းကြီးကျေးရွာ

ကွင်းကြီးကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကွင်းကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၉

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကျေးရွာသယ်ဆောတပြင်ပြမြေပုံ (အင်းကြီးကျေးရွာ)



Venn Diagram

ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	အေး	နေပူ	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးနည်း	အေး	အေး
အလုပ်အကိုင်	ဆောင်းသီးနှံစိုက်	ပဲနုတ်	ဆောင်းသီနံရိုတ်	ဆောင်းသီနံရိုတ်	ထွန်ယက်	ပျိုးကြဲ	မိုးစပါးစိုက်	မိုးစပါးစိုက်	-	မိုးစပါးရိတ်	မိုးစပါးရိတ်	ပဲကြဲ
လက်လုပ်လက်စားမိသားစု များဝင်ငွေရရှိမှု (မရှိ/နည်း/များ)	များ	များ	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	နည်း	နည်း
အသုံးစရိတ်	များ	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	မရှိ	မရှိ	ရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	ရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	မလုံလောက်	မလုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	မလုံလောက်	မလုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	ရှိ	ရှိ	မရှိ	မရှိ	မရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	-	-	ကြက်တုတ်ကွေး	ကြက်တုတ်ကွေး	ဝက်နားရွက်ပြာ	-	နွားခွာနာရောဂါ	နွားခွာနာရောဂါ	ကြက်တုတ်ကွေး	-	-	-
ကျန်းမာရေး အခြေအနေ	-	-	-	-	ဝမ်းပျက်	ဝမ်းပျက်	တုတ်ကွေး	တုတ်ကွေး	တုတ်ကွေး	တုတ်ကွေး	-	-
သီးနှံပိုးမွှာရောဂါ ကျရောက်မှု	-	-	-	-	-	-	ဆစ်ပိုး	-	ရွက်လိပ်ပိုး	-	-	-
ပွဲတော်	-	-	တပေါင်းပွဲ	သင်္ကြန်ပွဲ	ညောင်ရေသွန်းပွဲ	-	-	-	-	မီးထွန်းပွဲ	ကထိန်ပွဲ	တရား
သဘာဝဘေးအန္တရာယ်	-	-	-	-	-	-	ရေကြီး	-	-	-	-	-

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကွင်းကြီးကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့၏ အရှေ့ဘက်တွင် တည်ရှိသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမနှင့် မူလတန်း(လွန်)စာသင်ကျောင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်ကျန်းမာရေးဌာန၊ ရေကန်ကြီး(၁)ကန်နှင့် တယ်လီဖုန်း ဆက်သွယ်ရေး(Mytel) တာဝါတိုင်ရှိပါသည်။ ကျေးရွာ၏အတွင်းပိုင်းတွင် ရွာအလယ် ဘုန်းတော်ကြီးကျောင်း(၁)ကျောင်းနှင့် ရွာအရှေ့ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ စေတီ (၁)ဆူတို့ကို တည်ထားကိုးကွယ်လျက်ရှိပြီး တယ်လီဖုန်းဆက်သွယ်ရေး တာဝါတိုင်များ ဖြစ်သော (Ooredoo) တာဝါတိုင်၊ (Telenor)တာဝါတိုင်နှင့် ရေသန့်(၁)တွင်း ရှိပါသည်။ ကျေးရွာ၏ အရှေ့မြောက်ဘက်အရပ်တွင် စေတီ(၁)ဆူကို တည်ထားကိုးကွယ်လျက်ရှိပြီး ဓမ္မာရုံနှင့် ရေကန်ကြီး(၁)ကန်လည်းရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ဝေါမိ ချောင်းရိုး၊ စားကျက်လယ်ကွင်းများ၊ ဘုန်းတော်ကြီးကျောင်း(၃)ကျောင်းနှင့် စေတီ(၃)ဆူကို တည်ထားကိုးကွယ်လျက်ရှိပြီး လူနေအိမ်များနှင့် နောင်ဝန်းကြီးရိုးချောင်းအိုင်လည်း ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် သုသာန်၊ မီးသင်္ဂြိုလ်စက်ရှိပြီး တောင်ယာတန်း ကျေးရွာနှင့် ရွာချင်းချိတ်ဆက်လျက်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ကျေးရွာချင်း ချိတ်ဆက်လျက်ရှိသော လှေဆွဲကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ နောင်ခူဘိုကျေးရွာ၊ ဒေါင့်ကြီး ကျေးရွာ၊ ကွမ်းခြံကုန်းကျေးရွာစသည့်ကျေးရွာများနှင့် ဆက်စပ်လျက်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများရှိပါသည်။ ကျေးရွာသည် ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၏ ဘေးတွင်တည်ရှိနေခြင်းကြောင့် ရောင်းဝယ်ဖောက်ကား ခရီးသွားပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့သည်ဟု ထင်ရသော်လည်း အသင့်အတင့်သာ အဆင်ပြေပါသည်။ အကြောင်းမှာ ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်နေခြင်းကြောင့် ရာသီဥတုဆိုးရွားသည့်အချိန်တွင် ကုန်ထုတ်လမ်းအဖြစ် အသုံးမပြုနိုင်ခြင်းကြောင့် ဖြစ်ပါသည်

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအားဖြင့် နှစ်စဉ် မိုးရေချိန်လက်မ(၈၀)မှ (၁၀၀)ထိ ခန့်ရှိပြီး ရာသီဥတု(၃)ပါး အသင့်အတင့် မျှတမှုရှိပါသည်။ မိုးတွင်းကာလ ဇွန်လတွင် စပါးစိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ရိတ်သိမ်းလေ့ရှိကြပါသည်။ အခြားရာသီပင်များဖြစ်သော ကွမ်း၊ နန္နင်း၊ ပိန်း၊ ပြောင်း၊

ငှက်ပျော၊ သခွား စသည့်သီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ အောက်တိုဘာလမှ နိုဝင်ဘာလ အထိ ဆောင်းသီးနှံများဖြစ်သော စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲ၊ မြေပဲများနှင့် ငါးကြီးအံဖတ် တို့ကိုလည်း စိုက်ပျိုးကြပါသည်။ ဖေဖော်ဝါရီလနှင့်မတ်လများတွင် ဆောင်းသီးနှံများကို ရိတ်သိမ်း ကြပါသည်။ မတ်၊ ဧပြီ၊ မေ နွေရာသီကာလများတွင် ဆန်၊စပါး၊ပဲအမျိုးမျိုးစသည့် လုပ်ငန်းများကို ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ဇူလိုင်လတွင် မိုးများသောကာလဖြစ်ခြင်းကြောင့် ရေအနည်းငယ်ကြီးလေ့ရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ရပ်ရွာအကျိုးကိစ္စများကို ဆောင်ရွက်သော ပရဟိတအဖွဲ့သည် လူငယ်၊ လူရွယ်များနှင့် အဖွဲ့ဝင်ဦးရေ အများဆုံးဖွဲ့စည်းထားသော မြတ်သုခ သွေးအလှူရှင်အဖွဲ့ရှိပါသည်။ အများပြည်သူများနှင့်ဆိုင်သော ကိစ္စရပ်များနှင့်သက်ဆိုင်သော ဘာသာရေး၊ သာသနာရေး၊ သာရေးနာရေးလုပ်ငန်းများတွင် ဂေါပကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါသည်။ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပက်သက်၍ ကျောင်းကော်မတီအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူ့စစ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာအတွင် ဘာသာရေး၊ သာသနာရေး၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လာလျှင် ရွာသားများမှ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် (Pact Myanmar)၊ ပြည့်မဟာနှင့် မြတ်ကျွန်းသာ အဖွဲ့အစည်းများရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရသည့် လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်ပြီး စပါးစိုက်ပျိုး နိုင်သည့် ဧက(၉၉၄.၉၇)ဧကရှိသည့်အနက် (၃၁၆.၉၇)ဧကသည် စားကျက်မြေများဖြစ်ပါသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် (၇၀)တင်းမှ တင်း(၁၀၀)အတွင်း ထွက်ရှိပါသည်။ မိုးများ သောနှစ်များတွင် ရေအနည်းငယ်ကြီးလေ့ရှိပါသည်။ ဆောင်းသီးနှံစိုက်ဧကမှာ (၉၉၄.၉၇)ဧက တွင် စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲတို့ကို စိုက်ပျိုးပါသည်။ စပါးစိုက်ပျိုးချိန်နှင့် ပဲများ

စိုက်ပျိုးချိန်နှင့် ပဲများစိုက်ပျိုးချိန်များတွင်လည်း ပိုးမွှားအန္တရာယ်ကျရောက်လေ့ရှိပြီး သီးနှံများအထွက်နှုန်းကို လျော့ကျစေပါသည်။ ဆောင်းသီးနှံစိုက်ပျိုးသောအခါ သီးနှံအထွက်နှုန်း မှာ တစ်ဧကလျှင် တင်း(၁၀၀)မှ တင်း(၅၀)အတွင်းထွက်ရှိပါသည်။ မတ်ပဲ၊ ပဲတီစိမ်းတို့ကို အထွက်နှုန်းကောင်းအောင် တောင်သူများ ဂရုစိုက်လျှင် တစ်ဧကပဲထွက်နှုန်းမှာ (၁၈)တင်းမှ (၂၂)တင်းခန့်ထွက်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် တည်ရှိသော စားကျက်မြေထဲတွင် ကျွဲ၊ နွားများစသည့် မွေးမြူရေးတိရိစ္ဆာန်များ လွတ်ကျောင်းခြင်း မရှိတော့သည့်အတွက် တောင်သူများအနေဖြင့် ရာသီအလိုက် စပါး၊ ကွမ်း၊ ပိန်း၊ နနွင်း၊ ပြောင်း၊ သခွား၊ ပဲအမျိုးမျိုးတို့နှင့် ရာသီကုန်သီးပင်စားပင်များကို စိုက်ပျိုး၍ တောင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပြုရပါသည်။

စိုက်ပျိုးထွန်ယက်ရာတွင် အသုံးပြုရန်လိုအပ်သော စက်ကိရိယာများကို ကုမ္ပဏီမှ လက်ငင်းစနစ်ဖြင့်သော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း ဝယ်ယူအသုံးပြုလျက် ရှိကြပါသည်။ စက်ကိရိယာများ ဝယ်ယူအသုံးမပြုနိုင်သော တောင်သူများအနေနှင့် ရာသီလုပ်ငန်းခွင်အလိုက် ဈေးနှုန်းထားအမျိုးမျိုးတို့ဖြင့် ငှားရမ်းအသုံးပြုကြရပါသည်။ ဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးရေးသာမက အခြားမွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ကြပါသည်။ အလုပ်လက်မဲ့ဖြစ်ကြသည့် ကျပန်းလုပ်ကိုင် စားသောက်ကြသော လုပ်သားများမှာ တစ်နေ့လျှင် လုပ်အားခ ကျား(၄၀၀၀)နှုန်းမှ (၅၀၀၀)ကျပ်၊ မ(၂၅၀၀)မှ (၃၀၀၀) ကျပ်နှုန်းဖြင့် နေ့စားလုပ်ကိုင် စားသောက်ကြပါသည်။ လုပ်ငန်းရှင်များအနေဖြင့် ကုန်စုံဆိုင်များဖွင့်လှစ်ရောင်းချခြင်း၊ စားသောက်ဆိုင်ဖွင့်ခြင်း၊ ပန်းရံ၊ လက်သမား၊ ဆံသ၊ စက်ဘီး၊ ဆိုင်ကယ်ပြုပြင်စသည့် လုပ်ငန်းများလည်းရှိပါသည်။ စားဝတ်နေရေးမပြေလည်သော မိသားစုများမှာ မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်ရခြင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရခြင်းများ ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အခြေခံပညာ မူလတန်း(လွန်)ကျောင်းကို (၂၀၁၆-၂၀၁၇)ပညာသင်နှစ်တွင် အဆင့်မြှင့်တင် ပညာသင်ကြားခွင့်ရရှိခဲ့ပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများသာမက အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများလည်း လာရောက်၍ ပညာသင်ကြားကြပါသည်။ အခြေခံပညာမူလတန်းလွန်ကျောင်း၏ မြေဧရိယာမှာ (၂.၆၀)ဧက

ရှိပါသည်။ စုစုပေါင်း စာသင်ကျောင်းဆောင် (၄)ဆောင်ရှိပြီး အလျားပေ(၉၀)၊ အနံပေ(၃၀) ကျောင်းဆောင်တစ်ဆောင်မှာ (၁၉၉၂)ခုနှစ်တည်းက ပြည်သူများ ကိုယ်ထူ၊ ကိုယ်ထ ဆောက်လုပ်ခဲ့သည့် အုတ်စီစာသင်ကျောင်းဆောင်ဖြစ်ပါသည်။ ယခုအချိန်တွင် ၎င်း ကျောင်းဆောင်ကြီးမှာ အမိုးများ ပေါက်ပြဲခြင်း၊ နံရံများအက်ကွဲပျက်ဆီးယိုယွင်းနေခြင်းကြောင့် မြို့နယ်ပညာရေးဌာနသို့ တင်ပြထားသည့်အတွက် အန္တရာယ်ဆောင်အဖြစ် သတ်မှတ် ထားခြင်းတို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ ၎င်းကျောင်းဆောင်ကြီးအတွင်း စာသင်ကြားခြင်းအတွက် အသုံးမပြုနိုင်ပါ။

အလျားပေ(၆၀)၊ အနံပေ(၃၀) ဝါးယာယီဆောင်(၁)ဆောင်၊ အလျားပေ(၉၀)၊ အနံပေ(၃၀) R.Cကွန်ကရစ် (၁)ထပ်ကျောင်းဆောင်(၁)ဆောင်မှာ (၂၀၁၇)ခုနှစ်တွင် ဂျပန်နိုင်ငံ (ARTIC)ကုမ္ပဏီမှ ဦးစေတနာနှင့် နီပွန်ဖောင်ဒေးရှင်းတို့မှ ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေနှင့်အတူ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်(၁)ဆောင်၊ အလျားပေ (၆၀)၊ အနံပေ(၃၀) ဝါးယာယီဆောင်တစ်ဆောင်တို့ ဖြစ်ပါသည်။ ကျေးရွာပြည်သူများ၏ စုပေါင်း ထည့်ဝင်အလှူငွေဖြင့် ကျေးရွာ၏ ပဒေသာပင်ဖြစ်သော လယ်(၃)ဧကကိုလည်း ဝယ်ယူထားရှိခဲ့ ပြီး ဖြစ်ပါသည်။ ကျောင်းကုန်းမြို့မှ အလှူရှင် ဦးကိုလတ်မိသားစုမှ ရေသန့်တွင်းစက်တပ်(၁)လုံး၊ ကွင်းကြီးကျေးရွာမှ အလှူရှင် မိသားစုများဖြစ်သော ဦးတင်မြင့်၊ ဒေါ်ခင်နုမိသားစုမှ ရေစည်နှင့် ရေစင်(၁)ခု၊ ရေပိုက်လိုင်းများ၊ ကျောင်း၏ ပြင်ပတွင်ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် နားနေဆောင်(၁)ဆောင်နှင့် စာသင်ကျောင်း၏အဝင်လမ်း၊ ဦးမြင့်ဦး၊ ဒေါ်သန်းသန်းခိုင်မိသားစုမှ စာသင်ကျောင်းမုဒိဦး၊ ကွင်းကြီးအနောက်ပိုင်းပြည်သူများမှ ကျောင်းတံခါးသံပန်း၊ ကျေးရွာပြည်သူများမှ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းခြံစည်းရိုးများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာပြည်သူများသည် ကွင်းကြီးရွာအလယ် ဝေါမိ ချောင်းရိုး ဖြတ်ကျော်သည့် ကွန်ကရစ်တံတား(၁)စင်းကိုလည်း ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ကျန်းမာရေးနှင့် ပက်သက်၍ ကျေးလက်ဆေးပေးခန်းရှိပါသည်။

ကွင်းကြီးကျေးရွာရှိ လမ်းအများစုသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလ အချိန်များတွင် ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားကြသည့် ခရီးသွားပြည်သူများမှာ သွားရေး၊ လာရေး အင်မတန်မှ ခက်ခဲလှပါသည်။ ထိုအချိန်ကာလများတွင် အဆိုပါလမ်းမကြီးအား အမှီပြု

နေကြရသော ကျေးရွာအတွင်းရှိ ပြည်သူများသာမက အခြားကျေးရွာမှ ပြည်သူများပါ ကုန်စည်ကူးသန်းရန် မလွယ်ကူတော့ပါ။ မိုးအခါကာလ လမ်းပျက်ဆီးမှုများသော အချိန်များတွင် ပြည်သူများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအရပ်ရပ်တို့တွင် နှောင့်နှေးကြန့်ကြာမှုများ များစွာကြုံတွေ့ကြရပါသည်။

လျှပ်စစ်မီးနှင့်ပက်သက်၍ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် ကိုယ်ထူကိုယ်ထဆောင်ရွက်ပြီးစီးခဲ့ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကိုလည်း ဖွဲ့စည်းနိုင်ခဲ့၍ ကျေးရွာမီးလင်းခဲ့ပါသည်။ မိတ္တာအလုံးရေ(၁၄၇)လုံး တပ်ဆင်အသုံးပြုနိုင်ကြ၍ ကျေးရွာ၏ အိမ်ခြေထက်ဝက်ခန့် လျှပ်စစ်မီးအသုံးပြုနိုင်ကြ၍ လျှပ်စစ်မီးရရှိမှု ထိုက်သင့်သလောက် အဆင်ပြေခဲ့ပါသည်။ ကုန်ကျစရိတ် များပြားလှသဖြင့် လျှပ်စစ်မီးမသုံးစွဲနိုင်သေးသော အိမ်ထောင်စု များလည်း ကျန်ရှိနေပါသေးသည်။ မိတ္တာထိန်းသိမ်းစောင့်ရှောက်မှုနှင့် မိတ္တာကောက်ခံမှုများလည်း အဆင်ပြေပါသည်။ ကွင်းကြီးရွာလယ် ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဝိမလ၏ ဦးဆောင်မှုဖြင့် ကျေးရွာတွင် မီးသင်္ကြိုလ်စက်ကိုလည်း ပြုလုပ်ဆောင်ရွက်ထားရှိပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များကို ကုမ္ပဏီအသီးသီးမှ လာရောက်စိုက်ထူထားသည့်အတွက် တယ်လီဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာပြည်သူများ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို တယ်လီဖုန်း၊ အင်တာနက်ချိတ်ဆက်မှုတို့မှတဆင့် သိရှိရသဖြင့် ဗဟုသုတများစွာ ရရှိပါသည်။ ကျေးရွာအတွင်းတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးလည်းရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပြင်ပငွေစုငွေချေးအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာတို့မှ ငွေကြေးဝန်ဆောင်မှုအနေဖြင့် အရစ်ကျစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူ လယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ကေလျှင်(၁၅၀၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ကေလျှင် (၅၀၀၀၀/-)ကျပ် နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။

(ဇ) ပညာရေး

ပညာရေးနှင့် ပက်သက်၍ ကွင်းကြီးကျေးရွာရှိ မူလတန်းလွန်ကျောင်းတစ်ကျောင်းရှိ၍ ကျေးရွာတွင်းရှိ ကလေးသူငယ်များသာမက အနီးနားရှိ ကလေးသူငယ်များပါ ပညာသင်ကြားနေကြပါသည်။ ကျောင်းတွင် ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမအင်အားမှာ ကျောင်းအုပ်(၁)ယောက်၊ မူလတန်းပြ(၄)ယောက်၊ အလယ်တန်းပြ(၄)ယောက်၊ ကျောင်းလုပ်သား(၁)ယောက် ရှိပြီး ကျောင်းသား၊ ကျောင်းသူအင်အားမှာ မူလတန်း(၂၀၃)ယောက်၊ အလယ်တန်း(၇၅)ယောက် ရှိပါသည်။ ကျေးရွာ၏ စာသင်ကျောင်းမှာ မူလတန်း(လွန်)ကျောင်း ဖြစ်သည့်အတွက် နှစ်စဉ် ကျောင်းသား၊ ကျောင်းသူအင်အားမှာ များပြားလာပြီး တန်းခွဲများလည်း များလာသောကြောင့် စာသင်ဆောင်များ၊ စာရေးခုံများ၊ ဆရာ၊ ဆရာမအင်အားမှာလည်း ကျောင်းသားဦးရေနှင့် မမျှသောကြောင့် အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေပြီဖြစ်ပါသည်။ ကျောင်းတွင် အားကစားပြိုင်ပွဲ၊ ဟာပြောပွဲများပြုလုပ်ပေးခြင်းနှင့် အခြားနေ့ထူးနေ့မြတ်များတွင်လည်း ဟာပြောပွဲများပြုလုပ်ပေးသောကြောင့် ကျောင်းသား၊ ကျောင်းသူများမှာ အသိပညာဗဟုသုတများစွာရရှိကြပါသည်။ အာဟာရတိုက်ကျွေးခြင်း အစီအစဉ်များကိုလည်း ပြုလုပ်ပေးလေ့ရှိပါသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးကိစ္စနှင့်ပက်သက်၍ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ ဆေးခန်းရှိ ကျန်းမာရေးမှူးမှ ကျေးရွားအတွင်းရှိ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ပက်သက်၍ ဝန်ဆောင်မှုများ ပေးလျက်ရှိနေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အနေဖြင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ မွေးဖွားခြင်းနှင့် မီးတွင်းမိခင်စောင့်ရှောက်ခြင်း လုပ်ငန်းများ၊ မွေးကင်းစနှင့် (၅)နှစ်အောက် ကလေးငယ်များအားကျန်းမာရေး စောင့်ရှောက်ပေး ခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း (ဥပမာ-သံချဆေးတိုက်ကျွေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ကိုယ်အလေးချိန်မပြည့်မှီသော ကလေးများအား အာဟာရမှုန့်တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း လစဉ် ဆောင်ရွက်လျက်ရှိပါသည်။ အင်းမတိုက်နယ်ဆေးရုံနှင့် (၂)မိုင်ခန့်ကွာဝေးပြီး ကျောင်းကုန်းမြို့နယ်ဆေးရုံသို့ (၁၂)မိုင်ခန့်ကွာဝေးသောကြောင့် အရေးပေါ်လူနာများအား ဆေးရုံပို့ဆောင်ပေးရာလမ်းခရီးတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ

ကို ဆောင်ရွက်ပေးပါသည်။ ဆေးပေးခန်းရှိနေသောကြောင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အဆင်ပြေလျက်ရှိနေပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍မိုးရာသီတွင် လေတိုက်ခက်မှု အနည်းအငယ်ရှိပါသည်။ မိုးတွင်းအခါတွင် မိုးရွာသွန်းမှုများသော အချိန်အခါများတွင် ရေကြီး၊ ရေလျှံမှု အနည်းငယ်ဖြစ်ပေါ်တတ်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် ကာကွယ်ရေး လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြောပွဲများကို မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိများကိုယ်တိုင် လာရောက်၍ ပညာပေးဟောပြောပွဲပေးကြပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျားမရေးရာတွင်လည်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုများမရှိပါ။ ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများပါ ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်သားဖွား စသည့် အဖွဲ့အစည်းများလည်း ရှိပါသည်။ ကျေးရွာတွင် တရားစခန်းပွဲ၊ ပဋ္ဌာန်းပွဲ၊ ကထိန်ပွဲ၊ မီးထွန်းပွဲ၊ တန်ခူးလတွင် အသက်(၇၀)ကျော် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲများ ပြုလုပ်ကာ အိမ်အရောက် အကြိုအပို့များပြုလုပ်ပေးလေ့ရှိပါသည်။ ကျေးရွာပြည်သူများသည် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဘုန်းတော်ကြီးကျောင်းများရှိ တည်ထားကိုးကွယ်လျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီပုထိုးများအား ရေသပွယ်ခြင်း၊ အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးကာ ရာသီအလိုက်ပွဲတော်များကို လူငယ်၊ လူရွယ်များ၏ အင်အားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာမီးလင်းရေးစီမံချက်	၂
၃	အခြေခံအဆောက်အဦ	သောက်သုံးရေလုံလောက်စွာ ရရှိရေး စီမံချက်	၃
၄	ပညာရေး	ဆရာ၊ ဆရာမ လုံလောက်စွာ ချထားပေးရေး စီမံချက်	၄
၅	ပညာရေး	ကျောင်းဆောင်သစ် ဆောက်လုပ်ရေး စီမံချက်	၅
၆	စိုက်ပျိုးရေး	စပါးမျိုးကောင်းများ လုံလောက်စွာ ရရှိရေးစီမံချက်	၆

ဖွံ့ဖြိုးရေးဗျူဟာ ၈ယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
• မိုးတွင်းအခါ ရွာတွင်းလမ်းများ သွားလာရခက်ခဲ ခြင်း	• မြေသားလမ်းဖြစ်နေ ခြင်း	•	•	• ကျေးရွာတွင်း အလှူငွေကောက်ခံ ခြင်း • သက်ဆိုင်ရာဌာနများ နှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း	• ကျေးရွာတွင်းလမ်းအ ဆင့်မြှင့်တင်ခြင်း
• လျှပ်စစ်မီးသွယ် တန်းခြင်းလုပ်ငန်း အပြီးမသတ်နိုင် ခြင်း	• ဆင်းရဲ၍ ငွေကြေး မတတ်နိုင်ခြင်း	• ဓါတ်အားလိုင်းနှင့် နီးကပ် စွာရှိနေခြင်း	•	• ကျေးရွာတွင်မီးလင်း ရေးကော်မတီဖွဲ့စည်း ခြင်း • ပြင်ပမှ အလှူရှင် ရှာဖွေခြင်း	• ကျေးရွာ မီးလင်းရေး စီမံချက်

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – အခြေခံအဆောက်အဦ					
• သန့်ရှင်းသော သောက်သုံးရေ မလုံလောက်ခြင်း	• ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စုများပြားလာခြင်း • အဝီစိတုံကင် နည်းပါးခြင်း	• ရေတွင်းတူးရန် မြေနေရာ အနေအထား ကောင်းမွန်ခြင်း	•	• ကျေးရွာတွင်း အလှူငွေကောက်ခံခြင်း သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	• သောက်သုံးရေ လုံလောက်စွာ ရရှိရေးစီမံချက်
ကဏ္ဍ – ပညာရေး					
• ကလေးများ ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမ လုံလောက်မှုမရှိသောကြောင့် ကျေးရွာမှ ဆရာ၊ ဆရာမ ထပ်မံ	• ဆရာ၊ ဆရာမ အင်အား မလုံလောက်ခြင်း	• ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူလိုစိတ်ရှိခြင်း	•	• ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော ဆရာ၊ ဆရာမ အင်အားချထားပေးရန် တင်ပြခြင်း	• ဆရာ၊ ဆရာမ လုံလောက်စွာ ချထားပေးရေး စီမံချက်

၄ားယူ၍ သင်ကြားနေရခြင်း					
ကဏ္ဍ – ပညာရေး					
• ကလေးများ ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမ လုံလောက်မှုမရှိသောကြောင့် ကျေးရွာမှ ဆရာ၊ဆရာမ ထပ်မံ ၄ားယူ၍ သင်ကြားနေရခြင်း	• ဆရာ၊ ဆရာမ အင်အား မလုံလောက် ခြင်း	• ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူလိုစိတ် ရှိခြင်း	•	• ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လိုအပ်သော ဆရာ၊ ဆရာမ အင်အားချပေးရန် တောင်းခံခြင်း	• ဆရာ၊ ဆရာမ လုံလောက်စွာ ချထားပေးရေး စီမံချက်

• ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရန် နေရာ အခက်အခဲ ဖြစ်နေခြင်း	• ကျောင်းဆောင် ဟောင်းမှာ နှစ်ကာလ ကြာရှည်နေသော ကြောင့် ဆွေးမြေ့ အက်ကွဲနေပြီး အန္တရာယ်ရှိသည့် အဆောင်အဖြစ် သတ်မှတ်ထားခြင်း	• ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာ ရှိခြင်း	•	• ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ • ပြင်ပမှအလှူရှင် ရှာဖွေခြင်း	• ကျောင်းဆောင်သစ် ဆောက်လုပ်ရေး စီမံချက်
ကဏ္ဍ – စိုက်ပျိုးရေး					
• စပါးအထွက်နှုန်း လျော့နည်းခြင်း	• စပါးမျိုးကောင်းမျိုး သန့် လုံလောက်စွာ မရရှိခြင်း	• လယ်ယာမြေကောင်းများ ရှိခြင်း • စိုက်ပျိုးရေးဆိုင်ရာကုမ္ပဏီ များနှင့် လက်လှမ်းမီခြင်း	•	• စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ လိုအပ် စပါးမျိုးကောင်းများ ရရှိရေး တင်ပြ တောင်းခံခြင်း	• စပါးမျိုးကောင်း မျိုးသန့် လုံလောက်စွာ ချထားပေးရေး စီမံချက်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၅	၁၅	၃၀
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၆၉	၆၈	၁၃၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၈၁	၇၃	၁၅၄
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၂	၇၄	၁၄၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၁၃	၆၀၈	၁၂၁၆
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၈	၃၄	၅၂
စုစုပေါင်း		**၈၆၉**	**၈၇၂**	**၁၇၃၈**
စုစုပေါင်းအိမ်ထောင်စု		**၄၅၄**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆို သည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀ နှစ်မှ ၁၄ နှစ် ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှာ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅ နှစ်မှ ၆၄ နှစ် ဆိုသည်မှာ အသက် (၁၅) နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅ နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လူဦးရေမှာ (၁)နှစ်အောက် ကလေးငယ်မှာ အနည်းငယ်ရှိပြီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ရွာ၏ ထက်ဝက်ကျော်မျှရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၁၅	၃၅၄	၄	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့်□
၂	**တိရစ္ဆာန် မွေးမြူ ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ် □ နိမ့်□
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့်□
၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး				
၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
၈	ကိုယ်ပိုင်လုပ်ငန်း	၄	၁၃		မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၂	၈		မြင့်□ လတ် ☑ နိမ့် □
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၉	ကိုယ်ပိုင်လုပ်ငန်း	၁	၂	၃	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၁	၁		မြင့်□ လတ် ☑ နိမ့် □
	ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	လက်လီ–လက်ကား ရောင်းဝယ်ရေး				
၁၁	ကိုယ်ပိုင်လုပ်ငန်း	၁၂	၂၉	၉	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၁	၁		မြင့်□ လတ် ☑ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၁၂	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင်လုပ်ငန်း	၂	၄	၉	မြင့်□ လတ် ☑ နိမ့် □
	အလုပ်သမား/ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ပညာရေး				
၁၇	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ(ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
	လူမှုရေးလုပ်ငန်းများ				
၁၉	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၃	၄	၈	မြင့် □ လတ် ☑ နိမ့် □
	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၂၀	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း	၃၁၃	၈၇၃	၂	မြင့် □ လတ် ☑ နိမ့် □
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင်လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား/ ဝန်ထမ်း				မြင့် □ လတ် □ နိမ့် ☑
	စုစုပေါင်း	၄၅၄	၁၂၈၉	၃၈	☐

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ‘ **အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**’ အရေအတွက်တွင် ‘ **မိသားစု ဝင်ငွေ လုပ်အား**’ ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘ **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**’ ဆို သည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေ အနေကို ဆိုလိုပါသည်။ ဥပမာ- **‘စိုက်ပျိုးရေး’** ကဏ္ဍ၏ **‘ကိုယ်ပိုင် လုပ်ငန်း’** တွင် ရပ်တည် နိုင်မှု **‘မြင့်’** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေ သည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းအား အများစု လုပ်ကိုင်ကြသော်လည်း ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းသူဦးရေမှာ ပိုမိုများပြား ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအား အိမ်များ၌ တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက်

အနည်း အကျဉ်းမွေးထားသော်လည်း စီးပွားဖြစ်မွေးမြူသူများမရှိသေးကြောင်းတွေ့ရှိရ ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၅၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်းများ	နေ့စား	-	-	-	-	
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၆၀၀၀	၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ (၅၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့ လုပ်အားခမှာ (၄၀၀၀) ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့ လုပ် အားခမှာမူ (၃၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့ လုပ်အားခမှာ (၂၅၀၀) ကျပ်ဖြစ်ပါသည်။

(ဂ) သဘာဝအရင်းအမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ(ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၆၇၈	ကောင်း ▢ သင့် ☑ ညံ့ ▢
ယာမြေ/တောင်ယာမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
ဥယျာဉ်ခြံမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
ကိုင်း/ကျွန်းမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
ခနိတောမြေ	-	ကောင်း ▢ သင့် ▢ ညံ့ ▢
စားကျက်မြေ	၃၁၆.၉၇	ကောင်း ▢ သင့် ☑ ညံ့ ▢
မြေလွတ်မြေလပ်	-	ကောင်း ▢ သင့် ▢ ညံ့ ▢
စုစုပေါင်း	**၉၉၄.၉၇**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော

စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင် နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တောင်သူအများစုမှာ ကွမ်း၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

(ဂ-၂) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္ထုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက် စသည်။)	များ □ သင့် □နည်း□ မရှိ ☑	လွယ်□ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□ သင့် □ နည်း □မရှိ ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဖက်ဝင်အပင်များ)	များ□ သင့် □ နည်း ☑မရှိ □	လွယ်□ ခက်☑ အသုံးမပြုနိုင်ပါ□
သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ	များ□ သင့် □ နည်း □မရှိ□	□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊အထွေထွေအုပ် ချုပ် ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်ပစ္စည်း များ ကျောက်ခဲကျောက်စရစ်များ မထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များသည် အနည်းအကျဉ်း ရှိသော် လည်း အသုံးပြုမှု နည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၅၀ဧကမှ	၁၉ဧကမှ ၅ဧက	၄ဧကအောက်	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
	၂၀၈၀			
အိမ်အခြေအနေ	ကောင်း	အသင့်အတင့်	ညံ့	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	အသင့်အတင့်	နည်း	မရှိ	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	လယ်ယာ၊ ကုန်ဆုံဆိုင်၊ အရောင်းအဝယ် လုပ်ငန်း	ဥယျာဉ်ခြံ၊ လယ်ယာ လုပ်ငန်း	နေ့စား လုပ်ငန်း	နေ့စား လုပ်ငန်း
အိမ်ထောင်စု - ၁၅၄	၃၆(၇.၉၃%)	၃၀ (၆.၆၁%)	၁၅၁ (၃၃.၂၅%)	၂၃၇ (၅၂.၂၁%)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ----------

(c) ထိခိုက်လွယ်မှု

(c.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက် များကို ဖော်ပြရန်
		ချေးယူ = လုပ်အားခကြိုယူ =
၃ လ နှင့် ၆လကြား ပမ်းစာဖူလုံမှု	၁၂၈	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၁၀၀ လုပ်အားခကြိုယူ = ၂၈
၆လ မှ ၁၂ လ အထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ် .. ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀% အဖြစ် အိမ်ထောင်စု ၁၂၈ စုကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃လနှင့်၆ လအထိ ၁၂၈စုထိရှိကြသည်။ ကျေးရွာတွင် ဆန်ရေစပါး ပေါများသဖြင့် အိမ်ထောင်စုအများစုသည် တစ်နည်းနည်းဖြင့် နပ်မှန်ထမင်းကို စားသုံးနိုင်ကြပါသဖြင့် ကျေးရွာ၏ ပမ်းစာဖူလုံမှု အခြေအနေမှာ ဆိုးဝါးသောအခြေအနေ၌ မပါကြောင်း တွေ့ရှိ ရပါသည်။

(၄.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခနှစ်နှင့်အထက်	၁၈	၃၄	၅၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့်	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

၁၆	တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မိုးရွာသွန်းမှုများပြား၍ လယ်မြေအများစုမှာ ရေဖုံးလွှမ်းမှုများဖြစ်တတ်ပါသည်။မိုးရာသီတွင် ဖြစ်တတ်သောရောဂါများနှင့် တိရစ္ဆာန်များကူးစက်ရောဂါကျရောက်မှုကြောင့် ဆုံးရှုံးမှုအနည်းအကျဉ်းရှိကြောင်း တွေ့ရှိရပါသည်။

(၁.၅.၄)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျ ရောက်နိုင်သော အိမ်ထောင်စု/ ကူး စက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)တွင်နေ ထိုင်သူ များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေ ထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)							
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐		လတ် ☐		နိမ့် ☐		မရှိ ☑	
၁၄	ရွှေတွင်းလုပ်သား	မြင့် ☐		လတ် ☐		နိမ့် ☐		မရှိ ☑	
၁၅	ဆေးစွဲသူများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐		လတ် ☐		နိမ့် ☑		မရှိ ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ .....

.....

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မြေတ်သုခ သွေးအလှူရှင်အဖွဲ့	၁☐ ၂☑ ၃☑	၁	-	၁	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့် ☐ ညံ့ ☐

၂	ကျောင်းကော်မတီအဖွဲ့	၁☐ ၂ ☑ ၃☐	၁၂	၁	၁၃	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး ☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့်☐ ညံ့ ☐
၃	မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း	၁☐ ၂ ☑ ၃☐	၁၂	၁	၁၃	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့်☐ ညံ့ ☐
၄	အရန်မီးသတ်တပ်ဖွဲ့	၁☐ ၂ ☑ ၃☐	၁၂	၁	၁၃	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☑	ကောင်း☑ သင့်☐ ညံ့ ☐
၅	သမအဖွဲ့	၁☑ ၂ ☐ ၃☐	၁၂	၁	၁၃	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး ☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☑ သင့်☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ……

……

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၂	မြတ်ကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ)(ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-GIZ, UK Aid, US Aid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ-သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ……..

……..

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၂၄	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၁၄	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၄၈	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၅၃	တောင်သူလတ်
၅	၁၂.၅ကေအထက်	၁၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၄၅၄	☐

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိအချို့အိမ်ထောင်စုများမှာ စိုက်ပျိုးမြေကောနည်းသော်လည်း စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုအချို့လည်း တွေ့ရပါသည်။ စိုက်ပျိုးမြေယာမဲ့မှာ ရွာ၏ ထက်ဝက်ကျော်ခန့်ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်သော လယ်ယာရှင်များထံတွင် နေ့စားလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့်အလုပ်အကိုင် အခွင့်အလမ်းများရရှိပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	ရေသောက် (ဧက)	ရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၈	ချောင်းရေ	၉၉၄.၉၇	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက် ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ----------

---

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	၉၉၄.၉၇	တင်း	၇၀	၁၀၀	၈၀	ဇွန်	အောက်တိုဘာ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ် □ နိမ့် ☑
ဆောင်းစပါး	၉၉၄.၉၇	တင်း	၉၀	၁၁၀	၁၄၀	ဒီဇင်ဘာ	ဧပြီ	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ □နိမ့်
ပဲ	၈၄၄.၉၇	တင်း	၁၀	၂၂	၁၅	ဒီဇင်ဘာ	မတ်	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်□ ☑နိမ့်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၏ သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအား လိုအပ်ချက်မြင့်မားသောကြောင့် အကြွေးယူသုံးစွဲနေရပါသဖြင့် စပါးသီးနှံပေါ်ချိန်တွင် ဈေးကောင်းရသည်အထိ မစောင့်နိုင်ကြဘဲ ရရာဈေးဖြင့် ရောင်းချရသဖြင့် အမြတ်ရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၉	-	-	-
လက်တွန်းထွန်စက်	၄၂	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၃	-	-	-
ရိတ်သိမ်းစက်	-	-	-	-

ခြွေလှေ့စက်	၅	-	-	-
ရေစုပ်စက်	၄၇	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်သော အိမ်ထောင်စုအများစုရှိပြီး ကျွဲ၊ နွားများကို အသုံးပြု၍ လုပ်ကိုင်နေသူနည်းပါးပါသည်။ လယ်ဧကများသော တောင်သူကြီးများ၊ တောင်သူ လတ်များသည် လယ်ယာသုံး၊ ဥယျာဉ်ခြံသုံး စက်ပစ္စည်းများ အသင့်အတင့် ပိုင်ဆိုင်ထားကြပါ သည်။ ဧကအနည်းငယ်သာ ပိုင်ဆိုင်သော အိမ်ထောင်စုများသည်လည်း လုပ်ငန်းသုံးစက်ပစ္စည်းများ အနည်းငယ် ပိုင်ဆိုင်ထားကြပြီး အခြားလိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကိုလည်း ငှာရမ်းလုပ်ကိုင်နေကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☑ အသင်အတင့်ရှိ ☐
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	အလွယ်တကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☑
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည် ☐ ရနိုင်သည် ☑

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ရာသီဥတုမှာ သင့်တင့် မျှတမှုရှိပါသည်။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုအများစုမှာ လယ်ယာ၊ဥယျာဉ်ခြံ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို အလွယ်တကူ ရရှိနိုင်ပါသည်။သဘာဝ မြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂဲနစ်သွင်း အားစုများ၊ ဓာတုပိုး သတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများအား ကျောင်းကုန်းမြို့သို့ တက်ရောက်ဝယ်ယူရပါသည်။ ရွာ၏သီးနှံထုတ်ကုန် များကို လွယ်ကူစွာ ရောင်းချနိုင် သော်လည်း စျေးနှုန်းမှန်ကန်စွာ မရရှိပါ။ စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေမည့် နည်းပညာများနှင့် အသိ ပညာပေး ဆွေး နွေးပွဲများ မရရှိကြပါ။ တောင်သူများအတွက် လယ်၊ဥယျာဉ်ခြံ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ လိုအပ်နေပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်သော ကုမ္ပဏီများ၊ သွင်းအားစုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်လျှင် လယ်ယာလုပ်ငန်းခွင် တိုးမြှင့်ထုတ်လုပ်နိုင်သည့် နည်းစနစ်များ ကို ကျင့်သုံး လာနိုင်မည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာ နှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ☐ ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✔
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐

ပြဿနာ နှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သဘာဝမြေဆွေး/အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐အသင့်အတင့်ကျ ☑ အနည်းငယ် ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

